Burmese

# အချက်အလက် စာရွက်လွှာ 2
# တစ်နိုင်ငံလုံးဆိုင်ရာ မသန်မစွမ်းဖြစ်မှု အာမခံ အစီအစဉ် ဆိုသည်မှာ ဘာလဲ။

**ဤအချက်အလက် စာရွက်လွှာကို ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနား ကျယ်ပြန့်သည့် အသိုင်းအဝိုင်းမှလူများထံသို့ တစ်နိုင်ငံလုံးဆိုင်ရာ မသန်မစွမ်းဖြစ်မှု အာမခံ အစီအစဉ် [National Disability Insurance Scheme] နှင့်ပတ်သက်၍ ဘာသာပြန်ထားသော အချက်အလက်များကို ပေးအပ်ရန် AMPARO Advocacy က ထုတ်ဝေထားပါသည်။**

**တစ်နိုင်ငံလုံးဆိုင်ရာ မသန်မစွမ်းဖြစ်မှု အာမခံ အစီအစဉ် [National Disability Insurance Scheme] ကို NDIS ဟုခေါ်ပြီး ၎င်းသည် မသန်မစွမ်းဖြစ်မှု ရှိသည့်လူများအား သူတို့လိုအပ်သည့် စောင့်ရှောက်မှုနှင့်အထောက်အပံ့များကို ရရှိရန်အတွက် အထောက်အကူပေးသည့် နည်းလမ်းအသစ် တစ်ခု ဖြစ်ပါသည်။** ၎င်းသည် အခမဲ့ဖြစ်သည်၊ တစ်နိုင်ငံလုံးအတွက် စနစ်ဖြစ်သောကြောင့် ဩစတြေးလျနိုင်ငံ တစ်ဝန်းရှိလူအားလုံးအတွက် အတူတူပင်ဖြစ်ပါလိမ့်မည်။ ၎င်းကို တစ်နိုင်ငံလုံး၌ 2019 ခုနစ်တွင် ရရှိနိုင်ပါလိမ့်မည်ဖြစ်ပြီး ကွင်းစ်လန်ပြည်နယ် အချို့နေရာများ၌ 2016 ခုနစ်တွင် စတင်ပါလိမ့်မည်။ NDIS ထံမှ အထောက်အပံ့ကိုရရှိသည့် မသန်မစွမ်းဖြစ်မှု ရှိသောလူများကို "ပါဝင်ဆင်နွှဲသူများ" အင်္ဂလိပ်လို “participants” ဟုခေါ်ပါသည်။

## ရထိုက်ခွင့်သတ်မှတ်ချက်

**NDIS သည် ဩစတြေးလျနိုင်ငံတွင် နေထိုင်ကြသော မသန်မစွမ်းဖြစ်မှု ရှိသောလူများအတွက် ဖြစ်ပြီး -**

- ၎င်းတို့ NDIS ကို ပထမဦးဆုံး ရယူသည့်အခါ အသက်အရွယ် 65 နှစ်အောက် ရှိသည်။
- ဩစတြေးလျနိုင်ငံသား ဖြစ်သည် **သို့မဟုတ်** အမြဲတမ်းနေထိုင်သူ **သို့မဟုတ်** နယူးဇီလန်နိုင်ငံသား ဖြစ်ပြီး အကာအကွယ်ပေးထားသည့် အထူး အမျိုးအစား ဗီဇာကိုကိုင်ဆောင်ထားသူများ ဖြစ်ကြပါသည်။
- မသန်မစွမ်းဖြစ်မှု တစ်ခုရှိပြီး ၎င်းမသန်မစွမ်းဖြစ်မှုသည် ပျောက်သွားမည် မဟုတ်ပဲ၊ 'တစ်သက်လုံး' အတွက်ဖြစ်ပြီး နေ့စဉ် လုပ်ဆောင်ချက်များကို လုပ်ရာတွင် သူတို့၏ လုပ်နိုင်စွမ်းရည်ကို ထိခိုက်နေသည်။

ရထိုက်ခွင့် မရှိသောသူများအတွက် NDIS သည် အခြားသင့်တော်သော အထောက်အပံ့များကို ရှာဖွေရန် သူတို့အား ချိတ်ဆက်ပေးနိုင်ကောင်း ပေးနိုင်သည်။

## ရွေးချယ်မှုနှင့် ထိန်းချုပ်မှု



အတိတ်ကာလ၌ ဩစတြေးလျနိုင်ငံရှိ မသန်မစွမ်းဖြစ်မှုများ ရှိသည့်လူအမြောက်အမြားသည် များသောအားဖြင့် လူ့အသိုင်းအဝိုင်းထဲမှ ဖယ်ရှားခံရခြင်းကို ခံစားခဲ့ကြရပြီး သူတို့၏ အထောက်အပံ့များကို မည်သို့ပေးအပ်ရမည့် ကိစ္စတွင် ရွေးချယ်ခွင့် မရှိသလောက် ဖြစ်ခဲ့သည်။ NDIS တွင် ပါဝင်ဆင်နွှဲကြသူများသည် မိမိတို့ မည်သည့်အထောက်အပံ့ကိုလိုအပ်ကြောင်းနှင့် ၎င်းတို့ကိုမည်ကဲ့သို့ မိမိတို့ ရယူလိုကြောင်း ဆုံးဖြတ်နိုင်ပါသည်။

## သင့်တင့်လျောက်ပတ်ပြီး လိုအပ်သည့် အထောက်အပံ့

NDIS သည် မသန်မစွမ်းဖြစ်မှုနှင့်ဆက်စပ်မှုရှိပြီး လိုအပ်သည့် အထောက်အပံ့အတွက် ငွေပေးချေမည်ဖြစ်ပြီး လူတစ်ဦးအား မိမိ၏ ရည်မှန်းချက်ပန်းတိုင်များနှင့် ဖြစ်ချင်ရာများကို ရရှိအောင် ကူညီမည်ဖြစ်သည့်ပြင် လူများအား ပိုမို၍ မှီခိုမှုကင်းမဲ့လာရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

**NDIS သည် လူများ အနေဖြင့် မိမိတို့အသိုင်းအဝိုင်း၏ လူမှုရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ကဏ္ဍများတွင် တစ်စိတ်တစ်ပိုင်း ဖြစ်လာကြရန် လိုအပ်သည့် အထောက်အပံ့များကို ပေးအပ်ပါသည်။** ၎င်းတွင် ပါဝင်နိုင်ဖွယ်ရှိသည်မှာ -




- ပေါင်းသင်းဆက်ဆံရေးများ ထူထောင်ခြင်းနှင့် အခြားသူများနှင့် ဆက်စပ်မှုရှိသည်ဟု ခံစားရခြင်း- မိသားစုနှင့်မိတ်ဆွေများနှင့်အတူရှိနေခြင်း
- အသိုင်းအဝိုင်းနှင့်လူမှုရေးရာလှုပ်ရှားမှုများတွင် ပူးပေါင်းခြင်း- အပန်းဖြေ လှုပ်ရှားမှုများ အပါအဝင်ဖြစ်သည်။
- ကျောင်းတက်ခြင်း၊ ပညာသင်ယူခြင်းနှင့် လေ့ကျင့်သင်တန်းတက်ခြင်း - TAFE သို့မဟုတ် တက္ကသိုလ် တွင်ပညာသင်ယူခြင်း ကဲ့သို့ဖြစ်သည်။
- နေ့စဉ် နေထိုင်ရေးဆိုင်ရာ အထွေထွေလုပ်ရပ်များ- ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ငွေတောင်းပြေစာများကိုပေးချေခြင်း နှင့် ပြဿနာ ဖြေရှင်းခြင်း ကဲ့သို့ဖြစ်သည်။

- ဆက်သွယ်ရေး- အခြားသူများနှင့် ပြောဆိုဆက်သွယ်ရေးနှင့်နားလည်ရေး ကဲ့သို့ဖြစ်သည်။
- လှုပ်ရှားသွားလာရေး- သင့်အိမ်နှင့်အသိုင်းအဝိုင်းအတွင်း ရွေ့လျားသွားလာရေး သို့မဟုတ် ၎င်းကိုလုပ်ရန် ကိရိယာပစ္စည်း သို့မဟုတ် အကူပစ္စည်း ရယူရေး ကဲ့သို့ဖြစ်သည်။
- ကိုယ်တိုင် စောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အထူး လိုအပ်ချက်များ- ရေပန်းဖြင့်ရေချိုးရန်၊ အဝတ်အစားလဲရန်နှင့် အစာစားရန် တို့အတွက် အကူအညီ ရယူခြင်း ကဲ့သို့ဖြစ်သည်။
- အိမ်တွင် လှုပ်ရှားဆောင်ရွက်မှုများ- အစားအစာကို စီမံပြင်ဆင်ရေးနှင့် သင့်အိမ်ကိုသန့်ရှင်းရေး ကဲ့သို့ဖြစ်သည်။
- အလုပ်အကိုင် - အလုပ်ကို ရှာဖွေခြင်း သို့မဟုတ် အလုပ်ကို မြဲနေအောင်ထားခြင်း ကဲ့သို့ဖြစ်သည်။

## NDIS ကရန်ပုံငွေ ထုတ်မပေးသည့် အရာ

NDIS သည် အောက်ပါ မည်သည့်အရာအတွက်ကိုမဆို ရန်ပုံငွေထုတ်ပေးမည် မဟုတ်ပါ-

- လူ၏ မသန်မစွမ်းဖြစ်မှုနှင့် ဆက်စပ်မှုမရှိသည့် အရာ
- လူ၏အထောက်အပံ့လိုအပ်ချက်များနှင့် ဆက်စပ်မှု မရှိသည့် နေ့စဉ် နေထိုင်ရေး စရိတ်များ
- ပညာရေး၊ ကျန်းမာရေး သို့မဟုတ် အိမ်ရာ ကဲ့သို့သော အခြား အေဂျင်စီ တစ်ခုက ရန်ပုံငွေချပေးသင့်သည့် အရာ
- ပါဝင်ဆင်နွှဲသူ သို့မဟုတ် အခြားသူများကို ထိခိုက်နစ်နာစေရန် အလားအလာ ရှိသည့်အရာ တို့ဖြစ်ပါသည်။



## မသန်မစွမ်းဖြစ်မှုများ ရှိသည့်ကလေးများ

NDIS သည် မသန်မစွမ်းဖြစ်မှု တစ်ခုရှိသည့်ကလေး အတွက် စောစောပိုင်း ရယူသည့် အထောက်အပံ့ကို သင်ရရှိရန်ကိုလည်း ကူညီပေးနိုင်သည်။ စောစောပိုင်း ရယူသည့် အထောက်အပံ့သည် သင်နှင့် သင့်ကလေး အပေါ် ကျရောက်မည့် ရေရှည် မသန်မစွမ်းဖြစ်မှု ဒဏ်ကို လျော့နည်းသွားစေရန် အထောက်အကူပေးကောင်းပေးနိုင်သည်။ NDIS သည် ၎င်းကို "စောစီးစွာ ဝင်ရောက်စွက်ဖက်မှု" ဟုခေါ်သည်။

## မသန်မစွမ်းဖြစ်မှု ရှိသည့်လူများနှင့် ၎င်းတို့၏ မိသားစုများ

မသန်မစွမ်းဖြစ်မှု ရှိသည့်လူများ၏ ရွေးချယ်မှုများနှင့် ဆုံးဖြတ်ချက်များအပါအဝင်ဖြစ်သည့် ၎င်းတို့၏ လိုအပ်ချက်များသည် ၎င်းတို့ကို အထောက်အပံ့ပေးရန် အစီအစဉ်တစ်ခုကို NDIS ကချမှတ်ရာ၌ အချက်အချာကျပါသည်၊ သို့သော် မိသားစုများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါသည်။

မသန်မစွမ်းဖြစ်မှု ရှိသည့်လူများသည် NDIS အစီအစဉ်ချမှတ်ရေး လုပ်ငန်းစဉ်၌ ၎င်းတို့အားကူညီပေးရန်အတွက် မိသားစုနှင့်အခြား အထောက်အပံ့ပေးသူများအား ဖိတ်ခေါ် နိုင်ပါသည်။ NDIS အစီအစဉ်ရေးဆွဲသူများသည် အထောက်အပံ့ကို စဉ်ဆက်မပြတ်ပေးသွားရန် မိသားစုအား ကူညီပေးမည့် နည်းလမ်းများအကြောင်းကို စဉ်းစားပေးမည်ဖြစ်ပြီး ပါဝင်ဆင်နွှဲသူများနှင့်အတူ အစီအစဉ်များကို ရေးဆွဲသည့်အခါ မိသားစု၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားပေးမည်ဖြစ်သည်- သူတို့ပေးသည့်အထောက်အပံ့၊ သူတို့၏အခြားတာဝန်များနှင့် သူတို့ကိုယ်ပိုင်ဘဝ အစီအစဉ်များ အပါအဝင်တို့ဖြစ်ပါသည်။ မသန်မစွမ်းဖြစ်မှု ရှိသည့်လူများအနေဖြင့် သိရှိပြီးမှချမှတ်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ရာ၌ မိသားစု၏အထောက်အပံ့ လိုကောင်းလိုနိုင်မည် ဖြစ်ကြောင်းကိုလည်း NDIS အစီအစဉ်ရေးဆွဲသူများက ထည့်သွင်းစဉ်းစားပေးလိမ့်မည်ဖြစ်ပြီး သူတို့၏ အမြင်များ၊ ဗဟုသုတနှင့် အတွေ့အကြုံတို့ကို တန်ဖိုးထားပါသည်။

## အကယ်၍ သင် စကားပြန်တစ်ဦးကို လိုအပ်လျှင်

အကယ်၍ သင်သည် မေးခွန်း မေးရန်အတွက် သို့မဟုတ် ပိုမိုသိရှိရန်အတွက် စကားပြန်တစ်ဦးကို လိုအပ်လျှင် TIS ကိုဖုန်း 131 450 ဖြင့်ခေါ်ပြီး တစ်နိုင်ငံလုံးဆိုင်ရာ မသန်မစွမ်းဖြစ်မှု အာမခံ အစီအစဉ် [National Disability Insurance Scheme] ကို ဖုန်း 1800 800 110 ဖြင့်ဆက်သွယ်ပေးပါဟု ပြောပါ။

## သင် ရထိုက်ခွင့် ရှိမရှိကို မည်သို့ ရှာဖွေမည်

NDIS မှ အကူအညီအား လက်ခံရယူရန် သင် ရထိုက်နိုင်သည် မရထိုက်နိုင်သည်ကိုသိရန် သင်သည် NDIS ရယူရန် စစ်ဆေးရမည့်စာရင်းကို အသုံးပြုနိုင်ပါသည်။
http://www.ndis.gov.au/ndis-access-checklist

ကွင်းစ်လန်ပြည်နယ်တွင် NDIS စတင်သည့်အခါ မသန်မစွမ်းဖြစ်မှု တစ်ခု ရှိသည့်လူများသည် ရယူရန်တောင်းဆိုသည့်ပုံစံ “Access Request Form” ကို ဖြည့်စွက်နိုင်ပါလိမ့်မည်။ ၎င်းပုံစံတွင် NDIS အနေဖြင့် သင် NDIS မှ အထောက်အပံ့ ရယူနိုင်မနိုင်ကို ဆုံးဖြတ်ရန် အချက်အလက်များ ပါရှိပါလိမ့်မည်။ ပုံစံတွင် သင့်အနေဖြင့် သင့်

မသန်မစွမ်းဖြစ်မှု၊ သင့် အသက်အရွယ်နှင့် ဩစတြေးလျနိုင်ငံတွင် သင့် နိုင်ငံသားဖြစ်မှု/ အမြဲတမ်းနေထိုင်သူ တို့နှင့်ပတ်သက်သည့် အချက်အလက်များကို တင်ပြရန် လိုအပ်ပါ လိမ့်မည်။ ပုံစံ မိတ္တူများနှင့် သင့် တောင်းဆိုချက်ကို အထောက်အကူပြုရန်အတွက် သင် တင်ပြရန်လိုအပ်သည့် အချက်အလက်အမျိုးအစားနှင့် စာရွက်စာတမ်းများ (ဥပမာ *မသန်မစွမ်းဖြစ်မှု၊ နေထိုင်ရာ၊ အသက် စသဖြင့် အထောက်အထားများ )* ကို NDIS ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါသည် (ပါဝင်ဆင်နွှဲသူများ အခန်းအောက်တွင် ရှိသည်)။

## အစီအစဉ် ရေးဆွဲခြင်း မဟိုင်မီ

လူများအနေဖြင့် မိမိတို့ဘဝကို မည်ကဲ့သို့ နေလိုကြကြောင်းနှင့် ဤသို့နေနိုင်ရန် မိမိတို့ ဘာလိုအပ်ကြမည်ဖြစ်ကြောင်း ယခု စတင်စဉ်းစားစီစဉ်နိုင်ကြသည်။ NDIS အစီအစဉ်ရေးဆွဲရေး လုပ်ကိုင်ပုံစာအုပ် တစ်အုပ်ရှိပါသည်၊ ၎င်းကို လူများအနေဖြင့် အစီအစဉ်ရေးဆွဲရေး ဖြစ်စဉ်အတွက် အဆင်သင့်ဖြစ်ရေးတွင် အထောက်အကူရရန် ဖြည့်စွက်နိုင်ပါသည်။ လုပ်ကိုင်ပုံစာအုပ် မိတ္တူများကို NDIS ဝက်ဘ်ဆိုက်တွင် ရှိပါသည်။ ၎င်းကို စပိန်၊ ဗီယက်နမ်၊ အာရတ်၊ ဂရိ၊ အီတလီ၊ ရိုးရိုးတရုတ်နှင့်ရိုးရာတရုတ် ဘာသာစကားများဖြင့် ဘာသာပြန်ဆိုထားပါသည်။

## NDIS အစီအစဉ် ရေးဆွဲသူနှင့် လုပ်ကိုင်ခြင်း

NDIS အတွက် သင် ရထိုက်ခွင့် ရှိကြောင်း သင် အကြောင်းကြားခံရသည့်အခါ သင် အစီအစဉ်ရေးဆွဲမည့် လက်စွဲစာစုံ တစ်ခုကို လက်ခံရရှိလိမ့်မည်။ အစီအစဉ်ရေးဆွဲမည့် လက်စွဲတွင် အစီအစဉ် ရေးဆွဲခြင်းနှင့် စီစစ်ရေး ဖြစ်စဉ်ကို ရှင်းပြထားပြီး ၎င်းတွင် အစီအစဉ်ရေးဆွဲခြင်းနှင့် စီစစ်ရေး ဖြစ်စဉ် မဟိုင်မီ ပြီးပြည့်စုံအောင် ဖြည့်စွက်သင့်သည့် ပါဝင်ဆင်နွှဲသူ ထွက်ဆိုချက် တစ်ခု ပါဝင်ပါသည်။ အကယ်၍ လူများအနေဖြင့် စကားပြန်၊ သို့မဟုတ် ဘာသာပြန်ဆိုထားသည့်အရာများ ကဲ့သို့သော အကူအညီ လိုအပ်လျှင် ၎င်းတို့ကို စီစဉ်ပေးရန် NDIS က ကူညီပေးနိုင်သည်။ သင့်အနေဖြင့် ဤတွေ့ဆုံပွဲများအတွက် သင်လိုအပ်သည့်အရာများကို ဘာသာပြန်ဆိုပေးရန်ကိုလည်း တောင်းဆိုနိုင်ပါသည်။

သင့် NDIS အစီအစဉ်ကို သင် ရေးဆွဲနိုင်သည့် နည်းလမ်း မျိုးစုံ ရှိပါလိမ့်မည်၊ ၎င်းတွင် NDIS အစီအစဉ်ရေးဆွဲသူနှင့် တွေ့ဆုံပွဲ အပါအဝင်ဖြစ်သည်။ NDIS သည် သင့်လိုအပ်ချက်များ၊ ရည်မှန်းချက်ပန်းတိုင်များနှင့် ပြင်းပြသောဆန္ဒများနှင့် သင် လက်ရှိရနေသည့် အထောက်အပံ့များအကြောင်းကို ဆွေးနွေးရန် သင့်အား ကူညီပေးမည်။ ၎င်းသည် စကားပွဲ တစ်ခုထက်ပိုမို၍ ကြာကောင်းကြာနိုင်ပြီး သင့်အနေဖြင့် အထောက်အပံ့ပေးသူအဖြစ် တစ်စုံတစ်ဦးကို ခေါ်လာနိုင်သည်။ ဤအချက်အလက်များကို အသုံးပြု၍ NDIS သည် သင့် လိုအပ်ချက်များနှင့် သင့် ရည်မှန်းချက်ပန်းတိုင်များကို အကောင်းဆုံးဖြည့်ဆည်းပေးမည့် အထောက်အပံ့များ၏အစီအစဉ် တစ်ရပ်ကို ဖော်ထုတ်ပေးပါလိမ့်မည်။ သင့်အနေဖြင့် အစီအစဉ်ရေးဆွဲရေး ဖြစ်စဉ်ကိုလုပ်ကိုင်နေစဉ်အတွင်း သင့်အား အထောက်အပံ့ပေးရန်နှင့် ကူညီပေးရန် အခြားသူများကို ဖိတ်ခေါ်နိုင်သည်။

အပို အချက်အလက်များ အတွက် www.ndis.gov.au

**ဤအချက်အလက်များကို AMPARO Advocacy Inc. က ပြုစုပေးထားသည်။**

*ဤအချက်အလက်ကို AMPARO Advocacy Inc က တင်ဆက်ပေးထားသည်။ ထုတ်ဝေသည့်အချိန်၌ အချက်အလက်များမှာ မှန်ကန်ကြောင်း သေချာစေရန် ဂရုစိုက်မှုတိုင်းကို ဆောင်ရွက်ထားသော်လည်း ဤအကြောင်းအရာမှာ အထွေထွေ မြုံငုံသုံးသပ်မှုတစ်ခုအဖြစ်ပေးရန် ရည်ရွယ်ထားသည်၊ သို့သော် သင့်အခြေအနေ အတွက် တိကျချင်မှ တိကျမည်၊ လက်ရှိဖြစ်ချင်မှ ဖြစ်မည် သို့မဟုတ် ပြီးပြည့်စုံချင်မှ ပြီးပြည့်စုံမည် ဖြစ်ပါသည်။ တစ်ဦးချင်း အခြေအနေများနှင့်ပတ်သက်၍ ထပ်ဆင့်အကြံဉာဏ်ကို ရယူရန် အထူး တိုက်တွန်းအပ်ပါသည်။*

AMPARO Advocacy inc
53 Prospect Road, Gaythorne, QLD 4051
PO Box 2065, Brookside Centre, QLD 4053
www.amparo.org.au info@amparo.org.au
phone 07 3354 4900
Interpreter Service 131450